# ဗတ္တိဇံယောဟန် ကို စာနာမိပါသည်



ယနေ့ခေတ်တွင် ခရစ်ယာန်အသိုင်းအဝိုင်းများ၌ ခရစ်တော်၌ကြွယ်ဝချမ်းသာခြင်းတည်း ဟူသော (Prosperous teaching) အကြောင်းကိုအလေးပေးဟောပြောသွန်သင်မှုများ အလွန်ခေတ်စားလျှက်ရှိပါသည်။ အခွင့်အရေး၊ နေရာနှင့်ငွေကြေးများနောက်သို့အလုအယက်လိုက်ပါနေကြသည့် နောက်ဆက်တွဲ အကျိုးဆက်များဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်ကိုယ်တိုင် ထိုလောင်းရိပ်ကိုမိကာ လွန်ခဲ့သောဆယ်နှစ်ခန့် က (The Law of Prosperous)ဟူသောစာအုပ်ကို ဘာသာပြန်ဆိုထုတ်ဝေရန် ကြိုးပမ်းခဲ့ဖူးလေသည်။ သို့သော်အကြောင်းအမျိုးမျိုးကြောင့် ယနေ့တိုင်မထုတ်ဝေနိုင်ခဲ့ပေ။

ယုံကြည်သူများ ကြွယ်ဝချမ်းသာရမည် ဟူသောခံယူချက်များကိုကျမ်းစာအကိုးအကားများဖြင့် ဟောကြားချက်များကိုကြားနာရသောအခါ လွန်စွာခွန်အားရရှိခဲ့ပါသည်။ သို့သော်လည်း တိုက်ခန်း၊ မြေကွက်နှင့်နောက်ဆုံးပေါ်ကားများကိုဝယ် ချမ်းသာကြသော်လည်း ဘုရားသခင် ၏နိုင်ငံတော်အတွက်မူ ထိရောက်စွာပါဝင်လှုပ်ရှားနိုင်သူကား လွန်စွာနည်းပါးလှသည်ကိုဝမ်းနည်းဖွယ်တွေ့မြင်ရပါသည်။ သို့ဖြစ် ဘုရားသခင်၏အမှုတော်မြတ်အတွက် သစ ၁ရှိ အနစ်နာခံသောသူများ စောလျင်စွာခေါ်တော်မူခြင်းခံရသည်များကို တွေ့မြင်ရသောအခါ နားမလည်နိုင်အောင်ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် တစ်နေ့တွင်အဖြေကိုဘုရားသခင်ထံဆုတောင်းသောအခါ၌ဘုရားသခင်က ဗတ္တိဇံဆရာယောဟန်၏ ဘဝဖြစ်စဉ်ကို ဖွင့်ပြခဲ့ပါသည်။ ထို့ကြောင့် ဗတ္တိဇံဆရာယောဟန်၏ ဘဝဖြစ်စဉ်ကိုသမ္မာကျမ်းစာတွင်စေ့ငုသေချာစွာ ပြန်လည်လေ့လာဖတ်ရှုခဲ့ပါသည်။

ဗတ္တိဇံဆရာယောဟန်သည် လူသားများကို ကယ်တင်ရန်ကောင်းကင်မှကြွဆင်းလာသူမဟုတ်ပါ။ ခရစ်တော်ကြွလာမည့်လမ်းကိုရှေ့ပြေးအဖြစ်ပြင်ဆင်သောသူ၊ ခရစ်တော်ကြွလာမည့် အကြောင်းကိုကြေညာသောသူဖြစ် စပျစ်ရည် ကိုပင်သောက်သူမဟုတ်ပေ (လု ၇း၃၃–၃၄)။

ဗတ္တိဇံဆရာယောဟန်သည် လူသားများထဲတွင် အကြီးမြတ်ဆုံးသောသူဖြစ်သည်။ ‘‘မိန်းမ မွေးသောသူတို့တွင်ဗတ္တိဇံဆရာယောဟန်ထက်ကြီးမြတ်သော ပရောဖက်တစ်ယောက်မျှမရှိ’’ (လု ၇း၂၈)။

ဗတ္တိဇံဆရာယောဟန်သည် နှိမ့်ချခြင်း၌ပုံ သက်သေကောင်းသူဖြစ်သည်။ ‘‘ . . . သူ၏ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှာမထိုက်’’ (မဲ ၃း၁၁)။

သို့ဖြစ် ဘုရားရှင်နိုင်ငံတော်အတွက်၌ မျှလောက်အလုပ်လုပ်သောသူယောဟန်သည် ယနေ့ခေတ်နောက်ဆုံးပေါ်ကား၊ လေယာဉ်ပျံများ မပေါ်ရှိသေးသည့်တိုင်အောင် ထိုခေတ်၌အထူးရေပန်းစားခဲ့သောမြင်းရထား၊ အိမ်တစ်လုံး၊ ပေါင်မုန့်မီးကင်လောက်ကိုတော့ဖြင့် ခံစားထိုက်သောသူဟုယုံကြည်ပါသည်။

သို့သော် ဗတ္တိဇံဆရာယောဟန်သည်ဘုရားသခင်၏ သမ္မာတရားအပေါ်၌ခိုင်ခံ့စွာရပ်တည်ခဲ့လျက်ပင် လည်ပင်းဖြတ် ရက်စက်စွာသတ်ဖြတ်ခြင်းခံခဲ့ရသည်အထိအလွန်ဆိုးရွားသောအခြေအနေကိုရင်ဆိုင်ခဲ့ရရှာပါသည်။ ဗတ္တိဇံဆရာယောဟန်၏တပည့်များ၊ မိဘဆွေမျိုးများမည်ကဲ့သို့ခံစားကြမည်နည်း။ ကျွန်တော်ထင်ပါသည်။ ယနေ့ခေတ်တွင်ယုံကြည်သူများ ထိုအခြေအနေကိုမြင်တွေ့ခဲ့ရပါလျှင် ‘‘အသက်တာမမှန်လို့၊ ဘုရားသခင်ဆုံးမတာပေါ့’’ ဟုပြောဆိုကဲ့ရဲ့ကြလိမ့်မည်။

ဗတ္တိဇံဆရာယောဟန်သည် သူ၏အားနည်း ချက်ကြောင့်ရက်စက်စွာအသတ်ခံရခြင်းမဟုတ်ဘဲ မိန်းမယုတ်တစ်ဦးကြောင့်အသတ်ခံရခြင်းဖြစ်ပါသည်။ ခရစ်တော်ကိုပင် ဗတ္တိဇံပေး အပြစ်မြူမှုံမျှပင်မရှိသောဗတ္တိဇံဆရာယောဟန် သည်လူရာမဝင်သောမိန်းမယုတ်တစ်ဦး၏လက်

ချက်ဖြင့်သေဆုံးရခြင်း ကားရင်နာဖွယ်ကောင်းလှပါသည်။ ''. .ဟေရောဒ်သည် ယောဟန်ကို ရန်ငြိုးဖွဲ့သဖြင့်သတ်ခြင်းငှာအလိုရှိ၏'' (မာ ၆း၁၈–၁၉)။

ထိုထက်သာ ဆိုးရွားသည်မှာ မြင့်မြတ်သောဗတ္တိဇံဆရာယောဟန်၏ဦးခေါင်းကိုလင်ပန်း ဖြင့်ဆက်သခြင်းကိုမိန်းမယုတ် ဟေရောဒိကလူ ပုံအလယ်တွင်ဝမ်းမြောက်စွာခံယူခြင်းပင်ဖြစ်ပါသည်။ မတရားသောအမှုသည် တရားသော အမှုအားပက်စက်စွာအနိုင်ယူလိုက်သောမဖွယ်မရာမြင်ကွင်းပင်ဖြစ်ပါသည်။ ယနေ့တွင်လည်း အသွေးအသားအတွက် သမ္မာတရားကိုဒုစရိုက် လက်သို့ရောင်းဝယ်လိုသော ဟေရောဒိကဲ့ သို့သောလူစားမျိုး ဤလူ့ဘောင်လောကကြီး၌အဘယ်မျှရှိကြမည်နည်း။ ''ဦးခေါင်းကိုလင်ပန်း၌ဆောင်ခဲ့ ထိုမိန်းမငယ်အားပေးပြီးမှ မိန်းမငယ်သည်လည်း သူ့အမိကိုပေးလေ၏'' (မာ ၆း၂၈)။

သို့သော် ဘုရားသခင်၏အကြံအစည်ကို ကျွန်ုပ်တို့အကုန်အစင်နားမလည်နိုင်ကြပါ။ သို့ဖြစ် ယနေ့အမှုတော်ဆောင်များ၊ ယုံကြည်သူများ ဆင်းရဲဒုက္ခကြုံတွေ့ရခြင်း၊ ခေါ်တော်မူ ခြင်းများအတွင်းသို့ဆောလျင်စွာ ရောက်ရှိသွား ကြခြင်းအတွက်မိမိတို့၏ ကိုယ်တိုင်အမြင်ဖြင့် မဆုံးဖြတ်သင့်ကြောင်း ဗတ္တိဇံဆရာယောဟန် အားစာနာ နားလည်ပေးသောအားဖြင့် ဆင်ခြင်သတိပြုကြရန်သတိပေးဝေငှလိုပါသည်။

–သံလွင် (ပိတောက်မြိုင်)–

www.geocities.com/skzpau